# Fifth Sunday of Lent - B

## 1st READING: *Jer 31:31-34*

ယေရမိအနာဂတ္တိကျမ်း ၃၁း၃၁–၃၄

ထာဝရဘုရားမိန့်တော်မူသည်ကား ၊ငါသည်ဤလူမျိုး၏ဘိုးဘေးတို့ကိုလက်ဆွဲ၍အဲဂုတ္တုပြည်မှဆောင်သွားသောအခါ၊ သူတို့၌ ငါပေးသောပဋိညာဉ်တရားနှင့်ခြားနားသောပဋိညာဉ်တရားသစ်ကိုဣသရေလအမျိုးသား၊ယုဒအမျိုးသားတို့၌ငါပေးသောအချိန်ကာလရောက်လိမ့်မည်။အရင်ငါပေးဘူးသောပဋိညာဉ်တရားကိုသူတို့သည်ဖျက်၍၊ငါသည်လည်းသူတို့ကိုရှုံ့ရှာ၏။

နောင်ကာလအခါဣသရေလအမျိုးသားတို့၌ငါပေးအံ့သောပဋိညာဉ်တရားဟူမူကား၊ငါထာဝရဘုရားသည်ငါ၏ပညတ်တရားကိုသူတို့အတွင်းထဲသို့ သွင်းမည်။

သူတို့နှလုံးပေါ် မှာရေးထားမည်။ငါသည်သူတို့၏ဘုရားဖြစ်မည်။သူတို့သည်လည်းငါ၏လူဖြစ်ကြလိမ့်မည်။ထိုသူတို့က၊ထာဝရဘုရားကိုသိလော့ဟု၊အမျိုးသားချင်း၊ညီအစ်ကိုအချင်းချင်းတယောက်ကိုတယောက်ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား၊အငယ်ဆုံးသောသူမှစ၍အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူအပေါင်းတို့သည်ငါ့ကိုသိကြလိမ့်မည်။ထိုအခါငါသည်သူတို့အပြစ်များကိုသည်းခံမည်။ သူတို့ပြုသောဒုစရိုက်များကိုမအောက်မေ့ဘဲနေမည်ဟုထာဝရဘုရားမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm *Ps 51:3-4, 12-13, 14-15*

ဆာလံ ၅၁

**သံပြိုင်။ ။** အိုဘုရားသခင်၊ တပည့်တော်၏အတွင်းစိတ်၌ဖြူစင်သည့်နှလုံးသားကိုဖန်ဆင်းတော်မူပါ။
R. Create a clean heart in me, O God.

၁။ အိုဘုရားသခင်၊ တပည့်တော်ကိုသနားတော်မူပါ။ ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတောကြောင့်လည်း
ကောင်း၊ ကိုယ်တော်၏မဟာကရုဏာတော်ကြောင့်လည်းကောင်း၊ တပည့်တော်၏အပြစ်ကျူးလွန်မှုများကို
ပယ်ဖျက်ပစ်တော်မပါ။ တပည့်တော်၏အပြစ်ဒုစရိုက်ကိုဆေးကြောတော်မူပါ။တပည့်တော်ကိုအပြစ်မှစင်
ကြယ်စေတော်မူပါ။ (**သံပြိုင်**)
Have mercy on me, O God, in your goodness; in the greatness of your compassion wipe out my offense.
Thoroughly wash me from my guilt and of my sin cleanse me

၂။ အိုဘုရားသခင်၊ တပည့်တော်၏အတွင်းစိတ်၌ဖြူစင်သည့်နှလုံးသားကိုဖန်ဆင်းတော်မူပါ။ ခိုင်မြဲသော
စိတ်ဓါတ်ကိုတပည့်တော်၏အတွင်း၌အသစ်ပြုပြင်တော်မူပါ။ရှေ့တော်မှောက်မှတပည့်တော်ကိုနှင်ထုတ်
တော်မမူပါနှင့်။ကိုယ်တော်၏မွန်မြတ်သောဝိညာဉ်တော်ကိုတပည့်တော်ထံမှရုပ်သိမ်းတော်မမူပါနှင့်။(**သံပြိုင်**)
A clean heart create for me, O God, and a steadfast spirit renew within me. Cast me not out from your presence, and your Holy Spirit take not from me.

၃။ ကိုယ်တော်၏ကယ်တင်တော်မူခြင်းကျေးဇူးတော်ကြောင့်ခံစားရသည့်ရွှင်လန်းခြင်းကတပည့်တော်အား
ပြန်လည်၍ပေးသနားတော်မူပါ။ စေတနာစိတ်ကိုတပည့်တော်၏အတွင်း၌ဆက်လက်ထိန်းသိမ်းထားတော်
မူပါထိုအခါတပညတော်သည်အပြစ်ကျူးလွန်သူတို့အားကိုယ်တော်၏လမ်းစဉ်များကိုသင်ကြားပေးပါမည်။
သူတို့သည်လည်းကိုယ်တော့်အထံတော်သို့ပြန်လာကြပါလိမ့်မည်။ (**သံပြိုင်**)
Give me back the joy of your salvation, and a willing spirit sustain in me. I will teach transgressors your ways, and sinners shall return to you.

## 2nd READING: *Heb 5:7-9*

ဟီဘရူးဩဝါဒစာ ၅း၇–၉

ခရစ်တော်သည်လူ့ဇာတိအဖြစ်၌နေတော်မူစဉ်မိမိအားသေခြင်းမှကယ်တင်နိုင်တော်မူသောဘုရားသခင်ထံ အော်ဟစ်ကြွေးကြော်ကာမျက်ရည်ကျလျက်ဆုတောင်းပတ္ထနာပြုတော်မူ၏။ ခရစ်တော်သည်ဘုရားသခင်ကို ကြောက်ရွံ့နာခံတော်မူသောကြောင့်ဘုရားသခင်သည်သူ၏ဆုတောင်းသံကိုနားညောင်းတော်မူ၏။ကိုယ်တော်သည်ဘုရားသခင်၏သားတော်ပင်ဖြစ်သော်လည်းဆင်းရဲဒုက္ခများကိုခံထမ်းခြင်းအားဖြင့်နာခံတတ်ရန် သင်ယူတော်မူ၏။ကိုယ်တော်သည်စုံလင်ခြင်းသို့ရောက်သောအခါမိမိကိုနာခံသောသူအပေါင်းတို့အတွက်၊ ထာဝရကယ်တင်ခြင်းကိုပေးသောအရှင်ဖြစ်လာတော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: *Jn 12:20-33*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၂း၂၀–၂၃

ပွဲတော်၌ဝတ်ပြုကိုးကွယ်ရန်တက်ရောက်လာကြသောသူတို့တွင်ဂရိလူမျိုးအချို့လည်းပါဝင်၏။ထိုသူတို့သည်ဂါလိလေနယ်၊ဘက်ဇိုင်ဒါမြို့သားဖြစ်သောဖိလစ်ထံသို့သွားကြ၍သခင်၊ကျွန်တော်တို့သည်သခင်ယေရှုကိုတွေ့မြင်လိုကြပါသည်ဟုပြောကြ၏။ ဖိလစ်သည်သွား၍အန္ဒြေးယအားပြော၏။အန္ဒြေးယသည်လည်းဖိလစ်နှင့်အတူသွားပြီးလျှင်သခင်ယေရှုအားထိုအကြောင်းကိုလျှောက်ထားကြ၏။ သခင်ယေရှုကသူတို့အားပြန်ပြောတော်မူသည်ကား၊ လူ့သားအတွက်ဘုန်းတော်ထင်ရှားစေရန်အချိန်ရောက်ရှိလာလေပြီ။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**